ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၂) အမှတ် (၆) ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်

## မာတိကာစဉ်

| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၃ |
| ၂။ | နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း။ | ၄-၅ |
| ၃။ | ဥပဒေဘာသာပြန်ကော်မရှင်က ထုတ်ပြန်ခဲ့သော အမိန့်အမှတ် ၁/၂၀၂၄ နှင့် စပ်လျဉ်းသည့်သတင်းစဉ်။ | ၆ |
| ၄။ | ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခံခဲ့ရသည့်ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်းအီမရန်ခန်း (Imran Khan)။ | ၇-၈ |
| ၅။ | ပေကျင်း အင်တာနက်တရားရုံးအကြောင်း လေ့လာတင်ပြခြင်း။ | ၉-၁၀ |
| ၆။ | ထိုင်းနိုင်ငံက စီမံကိန်းကြီး ၂ ခုကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။ | ၁၁-၁၃ |
| ၇။ | အာဆီယံနှင့်အာဆီယံပဋိညာဉ်စာတမ်း။ | ၁၄-၁၆ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်းနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြည်ထောင်စုအစိုးရအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်၊ ၂၀၂၃ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးအခွန်အခဥပဒေ၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်တွင်းအနုညာတစီရင်ဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်းသည့် စစ်မှန်ကြောင်းသက်သေခံလက်မှတ် သို့မဟုတ် တာဝန်ခံမိတ္တူမှန်လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့် လူမွဲခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူများ၏ ပညာအရည်အချင်းနှင့်လုပ်ငန်းအတွေ့အကြုံကာလ သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် မှ အိန္ဒိယ-မြန်မာနှစ်နိုင်ငံ ကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA) ကိုအသုံးပြု၍ငွေပေးချေမှုကို ဆောင်ရွက်ခွင့်ပြုခြင်း အမိန့်ကြော်ငြာစာတို့ကို အများပြည်သူများလွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၇ တွင် နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား ငွေသားဖြင့်လက်ရောက်လွှဲပြောင်းမှု၊ ပေးချေမှုနှင့် အခြားပေးချေမှုများအပါအဝင် ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများအား ဗဟိုဘဏ်၏သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း နှင့် ယင်းဥပဒေပုဒ်မ ၂၂ တွင် နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများလိုက်နာဆောင်ရွက်ရန် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA)ကိုအသုံးပြု၍ ငွေပေးချေမှုဆောင်ရွက်ခွင့်ပြုခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၅-၁-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ဤအမိန့်ကြော်ငြာစာတွင် အိန္ဒိယ-မြန်မာနှစ်နိုင်ငံကုန်သွယ်မှုကိုတိုးမြှင့်နိုင်ရန် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေနိုင်ရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်၊

အမေရိကန်ဒေါ်လာပေါ်မှီခိုမှုကို လျှော့ချနိုင်ရန်၊ Exchange Rate Risk များ လျော့နည်းစေရန်နှင့် ပြည်တွင်း ငွေကြေးကိုသုံးစွဲမှုတိုးမြှင့်ရန် ရည်ရွယ်၍ အိန္ဒိယ-မြန်မာနှစ်နိုင်ငံကုန်သွယ်မှုတွင် Special Rupee Vostro Account (SRVA) ကို အသုံးပြု၍ ငွေပေးချေမှုကို ဆောင်ရွက်ခွင့်ပြုလိုက်ကြောင်း ဖော်ပြထားသည်ကို သိရှိရပါသည်။

ရူပီး/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ရသည့်ဘဏ် (Designated Bank) များတွင် နှစ်နိုင်ငံကုန်သွယ်မှုဆောင်ရွက်မည့် သွင်းကုန်တင်သွင်းသူများနှင့် ပို့ကုန်တင်ပို့သူများ၏ ရူပီးစာရင်း ဖွင့်လှစ်ခွင့်ပြုကြောင်း၊ ၎င်းဆောင်ရွက်ခွင့်ရသည့်ဘဏ်များသည် အိန္ဒိယ-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုတွင် (SRVA)ကို အသုံးပြု၍ ငွေပေးချေမှုလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (Guide)အား လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း နှင့် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

e- Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်းခြင်း

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၁၅ ဖြင့် ၂၆-၁-၂၀၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၁၅/၂၀၂၄ ဖြင့် ၃၀-၁-၂၀၂၄ ရက်နေ့တွင် ပြင်ဆင်ခဲ့ပါသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၁၇ နှင့် ပုဒ်မ ၁၉ ပြဋ္ဌာန်းချက်တစ်ရပ်လုံးနှင့် ပုဒ်မ ၅ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဇ) တို့ပါ စကားရပ်တစ်ချို့တို့ကို အစားထိုးခဲ့ပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွင်း မဲဆန္ဒနယ်တစ်ခုခု၌ ရွေးကောက်ပွဲ ရွှေ့ဆိုင်းထားရခြင်းကြောင့် ကော်မရှင်က သတ်မှတ်ကျင်းပသည့်ကြားဖြတ်ရွေးကောက်ပွဲဟူ၍မရှိတော့ကြောင်း တွေ့ရှိရပြီး နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုပြီးနောက် ပါတီဝင်ဦးရေ၊ စည်းရုံးရမည့် ကာလသတ်မှတ်ချက် နှင့် မြို့နယ်များတွင် ပါတီရုံးခန်းဖွင့်လှစ်ရမည့် ကာလသတ်မှတ်ချက်တို့ကို ပြင်ဆင်ခဲ့ပြီး ပြည်ထောင်စုတစ်ဝန်းလုံးအတွက် စည်းရုံးရမည့်ပါတီဝင်ဦးရေကို “အနည်းဆုံး၅၀၀၀၀”အဖြစ်လည်းကောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံး အတွက်ဖွင့်လှစ်ရမည့် ပါတီရုံးခန်းအရေအတွက်ကို “ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး သုံးပုံတစ်ပုံ” အဖြစ်လည်းကောင်း လျှော့ပေးခဲ့ပါသည်။

ထို့ပြင် နိုင်ငံရေးပါတီတစ်ခုအနေဖြင့် မိမိဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) နှင့် (၇) ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းကြောင့်မဟုတ်ဘဲ အခြားအချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ပယ်ဖျက်ခံ ရခြင်းတို့အတွက် ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရကသတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်း သို့ သတ်မှတ်သည့်နည်းလမ်းအတိုင်းအပ်နှံရန် မလိုအပ်တော့ကြောင်း တွေ့ရှိပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေပုဒ်မ ၄(ခ)တွင် "နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားစဉ်က မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ထားသည့်ပါတီရန်ပုံငွေကို ကောက်မရှင်က ထုတ်ပြန်သည့်အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ သုံးစွဲရမည်"ဆိုသည့်ပြဋ္ဌာန်းချက်နှင့် ပုဒ်မ ၅(ခ)တွင်"ပါတီမှတ်ပုံတင်ခွင့် ပြန်လည်လျှောက်ထားခြင်း မရှိသဖြင့် နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်သည်ဟု ဤဥပဒေအရ မှတ်ယူခံရသောပါတီ သို့မဟုတ် ယင်းပါတီ၏ဗဟိုအလုပ်အမှုဆောင်အဆင့်ထက် မနိမ့်သူတစ်ဦးဦးသည် ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆) နှင့် (၇) ပါအချက်တစ်ရပ်ရပ်နှင့်လည်း ငြိစွန်းမှုရှိကြောင်း စိစစ်တွေ့ရှိရပါက ပါတီပိုင်ပစ္စည်းများကို နိုင်ငံတော်အစိုးရကသတ်မှတ်ပေးသည့် ဌာန၊ အဖွဲ့အစည်းသို့သတ်မှတ်သည့် နည်းလမ်းအတိုင်း အပ်နှံရမည်" ဆိုသည့် ပြဋ္ဌာန်းချက်နှစ်ရပ်သာ အသစ်ဖြည့်စွက်ထားခြင်းဖြစ်ပြီး ကျန်ပြဋ္ဌာန်းချက်များမှာ ယခင်ပြဋ္ဌာန်းချက်များကို ပြင်ဆင်ထားခြင်းဖြစ်ပါသည်။

ဥပဒေမူကြမ်းများစိစစ်ရေးဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

## ဥပဒေဘာသာပြန်ကော်မရှင်က ထုတ်ပြန်ခဲ့သောအမိန့်အမှတ်၁/၂၀၂၄ နှင့်စပ်လျဉ်းသည့်သတင်းစဉ်

ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေအရ ဥပဒေဘာသာပြန်ကော်မရှင်သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ အတည်ပြုခြင်းနှင့် မြန်မာဘာသာသို့ ပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့်အလားတူ အာဏာတည်စေရန် အမိန့်ထုတ်ပြန်ကြေညာခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဥပဒေဘာသာပြန်ကော်မရှင်က ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ မြန်မာဘာသာပြန်ဆိုထားသည့်ဥပဒေများသည် ယင်းဥပဒေပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ မူလစာမူနှင့် အလားတူအာဏာတည်ကြောင်း ၂၅-၁-၂၀၂၄ ရက်နေ့တွင် အမိန့်အမှတ် ၁/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ယင်းအမိန့်တွင် ဥပဒေဘာသာပြန်ကော်မရှင်က ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (က) အရ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့်ဥပဒေများဖြစ်သော The Myanmar Laws Act၊ The Destruction of Records Act၊ The State Grants Act၊ The Explosive Substances Act၊ The Unlawful Associations Act နှင့် The Bankers' Books Evidence Act တို့၏ မြန်မာဘာသာပြန်ဆိုချက်ကို အတည်ပြုကြောင်း သိရှိရပါသည်။

ယင်းအမိန့်ကိုထုတ်ပြန်ခြင်းဖြင့် အင်္ဂလိပ်ဘာသာမှမြန်မာဘာသာသို့ဘာသာပြန်ဆိုထုတ်ဝေခဲ့သော ဥပဒေများသည်မူလစာမူနှင့်အလားတူအာဏာတည်သဖြင့် တရားဝင်ကိုးကားသုံးစွဲနိုင်ခြင်း၊ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများသာမက ဥပဒေကို လေ့လာလိုသူ အများပြည်သူများသည်လည်း အလွယ်တကူလေ့လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: ဥပဒေရေးရာဝန်ကြီးဌာန

## ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံခဲ့ရသည့် ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်း(Imran Khan)

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းသည် ၎င်းဝန်ကြီးချုပ်ရာထူးတာဝန်ထမ်းဆောင်စဉ်ကာလ၌ နိုင်ငံတော်၏အစိုးရလျှို့ဝှက်ချက်စာရွက်စာတမ်းများ ပေါက်ကြားစေမှုဟူသော စွပ်စွဲချက်ဖြင့် ပါကစ္စတန်တရားရုံးက ထောင်ဒဏ်(၁၀)နှစ်ချမှတ်ခဲ့ကြောင်း သိရှိရပါသည်။

အသက်(၇၁)နှစ် အရွယ်ရှိ ခန်း(Khan)သည် လက်ရွေးစင် ခရစ်ကတ်အသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်ပြီး ၂၀၁၈ ခုနှစ်အတွင်း၌ ပါကစ္စတန်နိုင်ငံ၏ဝန်ကြီးချုပ်ဖြစ်လာခဲ့ကြောင်း သိရှိရသည်။ ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်းက ခန်း(Khan)အား အဂတိလိုက်စားမှု၊ အခြေခံဥပဒေနှင့်မညီသောဆောင်ရွက်မှုများကို ပြုလုပ်ခဲ့သည်ဟု စွပ်စွဲကာ အယုံအကြည်မရှိ(no-confidence) မဲခွဲဆုံးဖြတ်ခဲ့ပြီး ဝန်ကြီးချုပ်ရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရပါသည်။

အီမရန်ခန်း၏အမှုသည် ၎င်းဝန်ကြီးချုပ်ရာထူးတာဝန်ဆောင်စဉ်က အမေရိကန်နိုင်ငံဝါရှင်တန်နှင့် အစ္စလာမ်မါဘတ်(ပါကစ္စတန်နိုင်ငံ၏မြို့တော်)တို့ နှစ်နိုင်ငံကြားရှိ လျှို့ဝှက်အပ်သော သံတမန်ရေးရာ စာအဆက်အသွယ်ပြုလုပ်မှုနှင့် ဆက်နွယ်ကြောင်း ဖော်ပြထားပါသည်။ ခန်း(Khan)က အဆိုပါသံတမန်ရေးရာ စာအဆက်အသွယ်ပြုလုပ်မှုသည် ၎င်း၏အစိုးရကို ပြုတ်ကျအောင် ပြုလုပ်သောပူးပေါင်းကြံစည်မှုဖြစ်သည်ဟု ၂၀၂၂ ခုနှစ်၊ မတ်လအတွင်း၌ ဖြစ်ပွားခဲ့သည့် လူထုအုံကြွမှုဖြစ်စဉ်မှာပြောဆိုခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပါကစ္စတန် ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးအဖွဲ့(FIA)က ၁၉၂၃ခုနှစ်၊ အစိုးရလျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၅ အရ ပထမသတင်းပေးတိုင်ချက် ဖွင့်လှစ်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၎င်းကိုဆန့်ကျင်သူများက လူထုအား အီမရန်ခန်း၏ပြောဆိုချက်များမှာ အခြေအမြစ်မရှိကြောင်း၊ ၎င်း၏ပြောဆိုချက်များသည် နှစ်နိုင်ငံ၏သံတမန်ဆက်ဆံရေးကို ပျက်ပြားစေပြီး အစိုးရလျှို့ဝှက်ချက်များကို ပေါက်ကြားစေခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအမှုတွင် ဝန်ကြီးချုပ်ဟောင်း အီမရန်ခန်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးရာထူးတာဝန် ထမ်းဆောင်ခဲ့သူရှရ်မာမွတ်ကာရက်ရှီမှာလည်း ထောင်ဒဏ်(၁၀)နှစ်ချမှတ်ခံခဲ့ရကြောင်း သိရှိရပါသည်။

တရားမစွဲမိဥပဒေအကြံပေးရေးနှင့်တင်ပြချက်များစိစစ်ရေးဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကား

-The Indian EXPRESS, Journalism of Courage (www.indianexpress.com)

-CNBC (www.cnbc.com)

## ပေကျင်း အင်တာနက်တရားရုံးအကြောင်း လေ့လာတင်ပြခြင်း

ပေကျင်း အင်တာနက်တရားရုံးအား ၉-၉-၂၀၁၈ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ပြီး ဘေကျင်းတရားစီရင်ရေးနယ်ပယ်အတွင်း ပထမဆုံးအနေဖြင့်အင်တာနက်အမှုများကို စီရင်ဆုံးဖြတ်လျက်ရှိသည်။ထို့ပြင် “online case heard online” ၏ အခြေခံအယူအဆများနှင့်အညီ တရားစီရင်မှုအရည်အသွေးကိုမြှင့်တင်ရန်နှင့် တရားစီရင်ရေးကဏ္ဍကိုစီမံအုပ်ချုပ်ရာတွင် ထိရောက်ပြီးအဆင်ပြေစေရန် ရည်ရွယ်၍ online e-litigation platform ကိုလည်း တည်ဆောက်အသုံးပြုခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် သိပ္ပံနှင့်နည်းပညာတွင် အင်အားကြီးနိုင်ငံဖြစ်လာရန် တရုတ်နိုင်ငံ၏မဟာဗျူဟာအပြင် e-litigation platform သည်ဥပဒေကိုအခြေခံသော Cyberspace ဆိုင်ရာအုပ်ချုပ်မှုအားမြှင့်တင်နိုင်မည်ဖြစ်သည်။

ပေကျင်း အင်တာနက်တရားရုံး၏ တရားစီရင်ပိုင်ခွင့်အတွင်းရှိ မြို့နယ်အခြေစိုက်ပြည်သူ့တရားရုံးက လက်ခံဆောင်ရွက်သော အမှုများမှာ-

(က) အင်တာနက်တွင် အရောင်းအဝယ်ပြုလုပ်မှုနှင့် ပတ်သက်သည့် အငြင်းပွားမှုများ

(ခ) အင်တာနက်တွင် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်သည့် အငြင်းပွားမှုများ

(ဂ) အင်တာနက်တွင် ချေးငွေဆိုင်ရာကိစ္စရပ်များ သို့မဟုတ် အသေးစားချေးငွေပဋိညာဉ်ဆိုင်ရာ အငြင်းပွားမှုများ

(ဃ) အင်တာနက်တွင် ဖြစ်ပွားသော စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့် ချိုးဖောက်မှုများ

(င) အင်တာနက်တွင် တရားမနစ်နာမှုဆိုင်ရာ အငြင်းပွားမှုများ

(စ) အင်တာနက်တွင် ရောင်းချသော ထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်သည့် အငြင်းပွားမှုများ

(ဆ) domain name ပိုင်ဆိုင်မှုအား ထိပါးချိုးဖောက်မှုဆိုင်ရာ အငြင်းပွားမှုများ

(ဇ) အင်တာနက်တွင် ပေါ်ပေါက်သော ပြည်သူ့အကျိုးစီးပွားနှင့် စပ်လျဉ်းသည့် တရားစွဲအဖွဲ့အစည်းမှ စွဲဆိုတင်ပို့သော အမှုများ

(ဈ) အင်တာနက်သတင်းအချက်အလက်ဝန်ဆောင်မှုဆိုင်ရာစီမံခန့်ခွဲမှု၊ အင်တာနက်ရောင်းဝယ်ရေးနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများပေးခြင်းကဲ့သို့ စီမံခန့်ခွဲမှုအဖွဲ့များမှဆောင်ရွက်သောစီမံခန့်ခွဲမှုဆိုင်ရာ အရေးယူမှုများမှ ဖြစ်ပေါ်လာသော အငြင်းပွားမှုများ

(ည) အဆင့်မြင့် ပြည်သူ့တရားရုံးက တာဝန်ပေးအပ်သော အခြားသော အင်တာနက်ဆိုင်ရာ တရားမနှင့် စီမံခန့်ခွဲရေးအမှုများဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပေကျင်းအင်တာနက်တရားရုံးတွင် အမှုတစ်ခုစတင်စွဲဆိုသည်မှ အမိန့်ချပြီးသည်အထိ ဆောင်ရွက်နိုင်ပြီး တရားစွဲဆိုခြင်းကိစ္စရပ်များအပြင် စေ့စပ်ဖြေရှင်းခြင်းကိစ္စရပ်များကိုလည်း ဆောင်ရွက်နိုင်ပါသည်။စေ့စပ်ဖြေရှင်းခြင်းဆောင်ရွက်ရာတွင် တရားရုံးသို့လာရောက်၍ အင်တာနက်စေ့စပ်ဖြေရှင်းရေးအခန်းများတွင် ဆောင်ရွက်နိုင်သကဲ့သို့ မိမိနေအိမ်မှနေ၍ phone၊ tablet နှင့် computer စသည်တို့နှင့်အင်တာနက်ချိတ်ဆက်အသုံးပြု၍ ဆောင်ရွက်ပေးနိုင်ကြောင်း၊ အမှုခေါ်စာရင်းများကိုလည်း ပုံမှန်လွှင့်တင် ဖော်ပြပေးသော website များလည်းရှိကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

[Introduction (bjinternetcourt.gov.cn)](Introduction (bjinternetcourt.gov.cn))

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၂) အမှတ် (၆) ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်

## ထိုင်းနိုင်ငံက စီမံကိန်းကြီး၂ ခုကို ဟန်ချက်ညီစွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ထိုင်းနိုင်ငံအစိုးရအနေဖြင့် ကုန်းလမ်းဆက်သွယ်မှုအဆိုပြုချက်စီမံကိန်းကိုအားပေးသောကြောင့် အရှေ့စီးပွားရေးစင်္ကြံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထိုင်းနိုင်ငံတောင်ပိုင်းတွင် အဆိုပြုထားသောကုန်းလမ်းဆက်သွယ်မှုစီမံကိန်းအား လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာ၌ အောင်မြင်မှုတစ်ခုအဖြစ် ယခင်အစိုးရလက်ထက်များက အရှေ့စီးပွားရေးစင်္ကြံကို ရှုမြင်သကဲ့သို့လက်ခံကြပါသည်။ ထိုင်းအစိုးရသည် ကုန်းလမ်းဆက်သွယ်မှုအဆိုပြုချက်တွင် ရင်းနှီးမြှုပ်နှံမှုကိုမြှင့်တင်သကဲ့သို့ အရှေ့စီးပွားရေးစင်္ကြံကို လည်းထောက်ပံ့ခြင်းဖြင့် ဟန်ချက်ညီအောင်အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိပါသည်။

ကုန်းလမ်းဆက်သွယ်မှုစီမံကိန်းနှင့် အရှေ့စီးပွားရေးစင်္ကြံစီမံကိန်းတို့သည် ထိုင်းနိုင်ငံအတွက် အရေးကြီးသောစီမံကိန်းများဖြစ်ပြီးစီမံကိန်းတစ်ခုနှင့်တစ်ခုဖြည့်ဆည်းပေးနိုင်ကာ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်မည်ဖြစ်ပါသည်။ ကုန်းလမ်းဆက်သွယ်မှုစီမံကိန်းအောင်မြင်မည်ဆိုပါက အရှေ့စီးပွားရေးစင်္ကြံတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ပိုမို ဆွဲဆောင်နိုင်မည်ဖြစ်ပြီး Laem Chabang ပင်လယ်ရေနက်ဆိပ်ကမ်းမှ ပင်လယ်ရေကြောင်းသယ်ယူပို့ဆောင်ရေး နှင့် U-tapao လေဆိပ်မှ လေကြောင်းသယ်ယူပို့ဆောင်ရေးတို့မှတစ်ဆင့် ပစိဖိတ်သမုဒ္ဒရာဆီသို့ ကမ္ဘာ့ဈေးကွက်၏ တံခါးပေါက်တစ်ခုဖြစ်စေမည်ဖြစ်ပါသည်။

ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခုကိုRanong တွင်တည်ဆောက်ခဲ့မည်ဆိုလျှင် အရှေ့စီးပွားရေးစင်္ကြံမှကုန်ပစ္စည်းများကို အိန္ဒိယသမုဒ္ဒရာနှင့်ကပ္ပလီပင်လယ်တို့ကို ပို့ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။ Ranong နှင့် Chumphon တို့တွင် ပင်လယ်ရေနက်ဆိပ်ကမ်းကိုတည်ဆောက်ခြင်းမှတစ်ဆင့် ကြီးမားသည့်အဆိုပါစီမံကိန်းသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာတို့အကြား ဆက်သွယ်မည့် လမ်းကြောင်းအသစ် ဖြစ်လာမည်ဖြစ်ပြီး ၎င်းတို့ကြားတွင် ကုန်စည်များကို သယ်ယူပို့ဆောင်ရန်

အတွက် ကီလိုမီတာ ၁၀၀ ရှိသည့် အမြန်လမ်းနှင့် ရထားလမ်းကွန်ယက်တို့ဖြင့် ဆက်သွယ်မည်ဖြစ်ပါသည်။

အသွားအလာများသောမလက္ကာရေလက်ကြားကိုရှောင်ရှားရန် ကုန်းလမ်းဆက်သွယ်မှုစီမံကိန်းသည် သင်္ဘောသွားလာချိန်အနည်းဆုံး နှစ်ရက် လျှော့ချနိုင်မည်ဖြစ်ပါသည်။ လမ်းကြောင်းအသစ်သည် ထိုင်းနိုင်ငံမှကုန်စည်များကို အိန္ဒိယ၊ အရှေ့တောင်အာရှ၊ အရှေ့အလယ်ပိုင်းနှင့် ဥရောပတိုက်ရှိ ဈေးကွက်များသို့ သင်္ဘောဖြင့် သယ်ယူရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်ပါသည်။

Ranong တွင် ပင်လယ်ဆိပ်ကမ်းကိုတည်ဆောက်ခြင်းသည် အရှေ့စီးပွားရေးစင်္ကြံမှ ရင်းနှီးမြှုပ်နှံသူများအတွက်သိသာသော အကျိုးကျေးဇူးများကို ဖန်တီးပေးမည်ဖြစ်ပြီး ကုန်းလမ်းဆက်သွယ်မှုစီမံကိန်းသည်ရေရှည်တွင် ထိုင်းနိုင်ငံစီးပွားရေးအတွက် အဓိကအခန်းကဏ္ဍအဖြစ် ပါဝင်လာမည်ဖြစ်ပါသည်။ တောင်ပိုင်းစီးပွားရေးစင်္ကြံကိုဆက်သွယ်ရန် ပင်လယ်ရေနက်ဆိပ်ကမ်း ၂ ခု၊ ကားလမ်း၊ ရထားလမ်း ၊ ဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းတို့ပါဝင်သောစီမံကိန်းကို ထပ်လောင်း၍ ချိတ်ဆက်ရန် မျှော်လင့်ထားကြပါသည်။

ထိုင်းနိုင်ငံအစိုးရသည် Chon Buri ၊ Rayong နှင့် Chachoengsao ၏ အစိတ်အပိုင်းများကို လွှမ်းခြုံထားသည့်အရှေ့စီးပွားရေးစင်္ကြံတိုးတက်ဖွံ့ဖြိုးရန်ဆန္ဒရှိပြီး ထိုင်းနိုင်ငံ၏နည်းပညာမြင့်စက်မှုဗဟိုချက်အဖြစ် S-curve စက်မှု-ဇုန် ၁၂ ခုကို လက်ခံဆောင်ရွက်ရန် ရည်မှန်းထားပါသည်။ အဆိုပါစက်မှုဇုန်များတွင် new-generation ကားများ၊ နည်းပညာမြင့် အီလက်ထရောနစ် ပစ္စည်းများ၊ ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေးဆိုင်ရာ ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် ဇီဝနည်းပညာ၊ အစားအသောက်၊စက်ရုံများအတွက် စက်ရုပ်တီထွင်အသုံးချမှု၊ ထောက်ပံ့ပို့ဆောင်ရေးနှင့်လေကြောင်းဆိုင်ရာ၊ ဇီဝလောင်စာနှင့်ဇီဝဓာတုပစ္စည်း၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ၊ ကာကွယ်ရေးဆိုင်ရာနှင့် ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ ပါဝင်ပါသည်။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအရ အဓိကကျသော အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာရန်အတွက် အစိုးရအာဏာပိုင်များက ဦးဆောင်ပြီး တွန်းအားပေးလျက်ရှိပါသည်။

အဓိကကျသော အခြေခံအဆောက်အဦ စီမံကိန်း ၅ ခုတွင် လေဆိပ် ၃ ခု ကို ဆက်သွယ်ထားသည့် မြန်နှုန်းမြင့်ရထားလမ်းစနစ်၊ Map Ta Phut ပင်လယ်ရေနက်ဆိပ်ကမ်း တတိယအဆင့်အကောင်အထည်ဖော်မှု၊ U-tapo လေကြောင်းမြို့တော်၊ U-tapo လေဆိပ်တွင်ထိန်းသိမ်းခြင်း၊ ပြင်ဆင်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းဌာန နှင့် Laem Chabang ပင်လယ်ရေနက်ဆိပ်ကမ်း တတိယအဆင့် အကောင်အထည်ဖော်မှုတို့ ပါဝင်ပါသည်။

ထိုင်းနိုင်ငံအစိုးရအနေဖြင့် အရှေ့စီးပွားရေးစင်္ကြံနှင့် ကုန်းလမ်းဆက်သွယ်မှုစီမံကိန်းနှစ်ခုကို မြှင့်တင်ရန်အတွက် ကူညီ ထောက်ပံ့လျက်ရှိပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကား: Bangkokpost.com (5-2-2024) "Balancing 2 Large projects"

## အာဆီယံနှင့်အာဆီယံပဋိညာဉ်စာတမ်း

ဥပဒေရေးရာဝန်ကြီးဌာနတွင် နိုင်ငံ့ဝန်ထမ်းအကြီးအမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၄)ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ သင်တန်းပထမနေ့တွင် ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အာဆီယံ ပဋိညာဉ်စာတမ်းနှင့်စပ်လျဥ်း၍ ဆွေးနွေးပို့ချခဲ့ပါသည်။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) (The Association of Southeast Asian Nations (ASEAN))ကို ၁၉၆၇ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကနဦးအဖွဲ့ဝင်နိုင်ငံများဖြစ်သော အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် ထိုင်းနိုင်ငံတို့က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ၇-၁-၁၉၈၄ရက်နေ့တွင် ဘရူနိုင်းနိုင်ငံသည်လည်းကောင်း၊၂၈-၇-၁၉၉၅ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံသည်လည်းကောင်း၊ ၂၃-၇-၁၉၉၇ ရက်နေ့တွင် လာအိုနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လည်းကောင်း၊ ၃၀-၄-၁၉၉၉ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံသည်လည်းကောင်း အဖွဲ့ဝင်နိုင်ငံများအဖြစ်ဝင်ရောက်ခဲ့ကြပြီး အာဆီယံ သည် အဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၁၀) နိုင်ငံဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ ပညာရေးနယ်ပယ်များနှင့် အခြားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အာဆီယံကိုဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။

စတင်ဖွဲ့စည်းချိန်က အာဆီယံကြေညာစာတမ်း(ဘန်ကောက်ကြေညာစာတမ်း) ဖြင့် ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းတွင် အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) ရေးဆွဲကာ ၂၀၀၈ခုနှစ်တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြပါသည်။ ၁၅-၁၂-၂၀၀၈ရက်နေ့၌ အာဆီယံပဋိညာဉ်စာတမ်း စတင်အာဏာသက်ဝင်ခဲ့ပါသည်။ အာဆီယံပဋိညာဉ်စာတမ်းအရ အာဆီယံသည် Legal Personality ရှိပြီး တရားစွဲဆိုပိုင်ခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့်ရှိသည့်အဖွဲ့အစည်းဖြစ်ပါသည်။

အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်မှု၊ အချုပ်အခြာ အာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း၊ ကျူးကျော်ခြင်း၊

အင်အားသုံးခြင်း၊ ခြိမ်းခြောက်ခြင်းများကို ရှောင်ရှားခြင်း၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းသည့်နည်းလမ်းအသုံးပြုခြင်း၊ အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်မှုကိုရှောင်ရှားခြင်းတို့သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ လေးစားလိုက်နာရမည့်အရေးပါသည့်မူသဘောတရားများဖြစ်ပါသည်။ အဖွဲ့ဝင်နိုင်ငံများသည် တူညီသည့်အခွင့်အရေးနှင့်တာဝန်များရှိကြပါသည်။

အဖွဲ့ဝင်နိုင်ငံများသည် အငြင်းပွားမှုအားလုံးကို တွေ့ဆုံဆွေးနွေးခြင်း၊ စေ့စပ်ဆွေးနွေးခြင်းနည်းများဖြင့်ဖြေရှင်းနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပါသည်။ အာဆီယံပဋိညာဉ်စာတမ်းကို ပြင်းထန်စွာချိုးဖောက်ခြင်း သို့မဟုတ် လိုက်နာမှုမရှိခြင်းတို့ကို အာဆီယံပဋိညာဉ်စာတမ်း အပိုဒ် ၂၀ ပါနည်းလမ်းများဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အပိုဒ် ၂၀ အရ အဖွဲ့ဝင်နိုင်ငံများသည် အခြေခံမူတစ်ရပ်အဖြစ် ဆုံးဖြတ်ချက်များချမှတ်ရာတွင် တွေ့ဆုံညှိနှိုင်း တိုင်ပင်ဆွေးနွေးခြင်းနှင့် အဖွဲ့ဝင်အားလုံး၏တူညီဆန္ဒပေါ်တွင် အခြေခံ၍ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ အဖွဲ့ဝင်အားလုံး၏ တူညီဆန္ဒကိုမရရှိနိုင်သောအခါ မည်သို့မည်ပုံ သီးသန့်ဆုံးဖြတ်ချက်ချမှတ်ရမည်ကို အာဆီယံထိပ်သီးအစည်းအဝေး (ASEAN Summit)က ဆုံးဖြတ်ရမည်ဖြစ်ပါသည်။ ထို့ပြင် ပဋိညာဉ်စာတမ်းကို ပြင်းထန်စွာချိုးဖောက်ခြင်း သို့မဟုတ် လိုက်နာဆောင်ရွက်မှု မရှိခြင်းများအတွက် အာဆီယံထိပ်သီးအစည်း အဝေးသို့ တင်ပြအဆုံးအဖြတ်ခံယူရမည်ဖြစ်ပါသည်။

အာဆီယံထိပ်သီးအစည်းအဝေးသည် အာဆီယံအဖွဲ့အစည်းကြီး၏ အမြင့်ဆုံးအာဏာပိုင်အဖွဲ့အစည်းကြီးဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ သို့မဟုတ် အစိုးရအဖွဲ့အကြီးအကဲများဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ အာဆီယံထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ခြင်းနှင့် အာဆီယံထိပ်သီးအစည်းအဝေး၏ သဘောတူညီချက်များနှင့်ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းများကိုဆောင်ရွက်နိုင်ရန် အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (ASEAN Coordination Council)ကို အဖွဲ့ဝင်နိုင်ငံများ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးများဖြင့် ဖွဲ့စည်းထားရှိပါသည်။

ထို့ပြင် အာဆီယံအသိုက်အဝန်းကောင်စီ(ASEAN Community Council)ကိုလည်း အာဆီယံ နိုင်ငံရေးနှင့်လုံခြုံရေးအသိုက်အဝန်းကောင်စီ(ASEAN Political - Security Community Council)၊ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ (ASEAN Economic Community Council)နှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ (ASEAN Socio-Cultural Community Council)တို့ဖြင့် ဖွဲ့စည်းထားပြီး အာဆီယံအသိုက်အဝန်းကောင်စီတစ်ခုစီ၏ သက်ဆိုင်ရာနယ်ပယ် အောက်တွင် သက်ဆိုင်ရာအာဆီယံဝန်ကြီးအဆင့်အလိုက် အဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းထားရှိပါ သည်။ အာဆီယံစာချုပ်များနှင့် ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရာတွင် အဆင်ပြေ ချောမွေ့စေရန်နှင့် အာဆီယံ၏လုပ်ငန်းနှစ်ပတ်လည်အစီရင်ခံစာကို အာဆီယံထိပ်သီးအစည်းအဝေး သို့ တင်ပြရန်ကိစ္စများအတွက် အာဆီယံအတွင်းရေးမှူးချုပ်က ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ပဋိညာဉ်စာတမ်းအပေါ် အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းကိုလည်း အာဆီယံလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေး ကောင်စီက သတ်မှတ်ပေးသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

အာဆီယံ၏ဥက္ကဋ္ဌအဖြစ် အဖွဲ့ဝင်နိုင်ငံအမည်များ၏ အင်္ဂလိပ်အက္ခရာစဉ်အတိုင်း အလှည့်ကျ ဆောင်ရွက်ကြရပြီး အာဆီယံဥက္ကဋ္ဌသည် အာဆီယံအပေါ် ထိခိုက်မှုရှိသည့်ပြဿနာများကို အချိန် နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်စေရန် ဆောင်ရွက်ရပါသည်။

ပဋိညာဉ်စာတမ်းကို ပြင်ဆင်လိုပါက အဖွဲ့ဝင်နိုင်ငံများ၏တူညီဆန္ဒအရ အာဆီယံလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းရေးကောင်စီသည် အာဆီယံထိပ်သီးအစည်းအဝေးသို့ ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် တင်သွင်းရမည်ဖြစ်ပြီး တူညီဆန္ဒအရ သဘောတူညီခဲ့သည့် ပဋိညာဉ်စာတမ်း ပြင်ဆင်ချက်ကို စာတမ်းအပိုဒ် ၄၇နှင့်အညီအဖွဲ့ဝင်နိုင်ငံအားလုံးကအတည်ပြု ပြင်ဆင်ရမည်ဖြစ်ကြောင်း သင်တန်း ဆရာ၏ဆွေးနွေးခဲ့မှုများကို လေ့လာသိရှိနိုင်ရန် ရေးသားဖော်ပြလိုက်ပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

